မာယာပညာကို နှစ်ပိုင်းခွဲ လေ့လာနိုင်ပါတယ်။ ရှေ့ပြေးပထမအနေနဲ့ အမျိုးအစားအပိုင်းမှာ ပင်ကိုစရိုက်နဲ့ လက္ခဏာတွေအရ မာယာကြွယ် ပီယကောင်းသူ ကိုးမျိုးရှိကြောင်း သီးခြား လေ့လာသွားရမှာပါ။ မတူ ညီတဲ့ စရိုက်သကန်အလိုက် ပရိယာယ်အမျိုးမျိုးသုံးပြီး ဆွဲဆောင်တဲ့ နည်းတွေနဲ့ ပုဂ္ဂိုလ်အမျိုးမျိုးအကြောင်းကို စနစ်တကျ သင်ယူသွားရမှာ ဖြစ်ပါတယ်။

နောက်ဆက်တွဲ ဒုတိယအနေနဲ့ နည်းစဉ်အပိုင်းမှာ တဖက်လူရဲ့ စိတ်နေစိတ်ခံ စိတ်အမူအကျင့် အကာအကွယ်တွေကို ထိုးဖောက်နည်း မဟာဗျူဟာတွေနဲ့အတူ ဥပါယ်တံမျဉ် ပရိယာယ် နှစ်ဆယ့်လေးမျိုးကို သီးခြား လေ့လာသွားရမှာဖြစ်ပြီး၊ ဆွဲဆောင်နည်း၊ ညှို့နည်း၊ ဖြား ယောင်းနည်း၊ သွေးဆောင်နည်း၊ တိမ်းညွတ်စေနည်းနဲ့ အလျှော့ပေး ဦးညွတ်စေနည်းတွေကို စနစ်တကျ သင်ယူသွားရမှာဖြစ်ပါတယ်။

ရှေ့ဆုံးစာမျက်နှာကစလို့ နောက်ဆုံးနိဂုံး အဆုံးသတ် စာမျက်နှာ အထိ တဖြည်းဖြည်းချင်း ဖတ်သွားရင်း စာအုပ်ပါ အကြောင်းအချက် တွေကို အလွှာလိုက် အကန့်လိုက် အပိုင်းလိုက် မှတ်သားပါ။ နှလုံးသား ကို တင်းကျပ်မထားဘဲ အကျယ်ချဲ့ပြီး တွေးမြင်မှုကို အဆုံးမဲ့ လွှတ်ထား လိုက်ပါ။ အဲဒီအတိုင်းသာဆိုရင် အဆိပ်နဲ့တူတဲ့ အတ္တစွဲကို တဖြည်း ဖြည်းချင်း ကုစား ဖြေဖျောက်နိုင်ပြီး အရာအားလုံးက မာယာပညာအရ ကြည့်လိုက်ရင် မတူညီတဲ့ ညှို့နည်း ဆွယ်နည်း ညွတ်နည်းတွေပဲလို့ မြင် နိုင်ပါလိမ့်မယ်။ အဲဒီလို အမြင်ပြောင်းလဲလာတာနဲ့အမျှ လောကကြီး အပေါ် ရှုမြင်တဲ့ နွံပုပ်လို အမြင်ဟောင်းတွေ အားလုံးကနေ ရုန်းထွက် နိုင်ပြီး အမြင်သစ် အတွေးသစ်တွေနဲ့ အပြောကောင်း အဆိုကောင်း အပေါင်းအသင်းကောင်းတဲ့ ပီယကောင်းသူအဖြစ် လန်းဆန်း ဖျတ် လတ် မွှေးပျံ့စွာ ပွင့်လန်းနိုင်မှာ သေချာပါတယ်။